ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ

စာအမှတ်၊ ၄၃၁၉(၁၅၉၆) / ၁၄-၀၃ / ဦး ၄

ရက် စွဲ ၊ ၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်

သို့

ကြီးကြပ်ရေးအာဏာပိုင်များအားလုံး

အကြောင်းအရာ။ **အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်လိုက်သည့် ကိစ္စ**

၁။ ဖိလစ်ပိုင်နိုင်ငံ၏ Republic Act 10168 အခန်း(၁၅)၊ The Terrorism Financing Prevention and Suppression Act of 2012 အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှု တားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်နှိမ်နင်းရေး အက်ဥပဒေအရ ဖိလစ်ပိုင်၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဥရောပသမဂ္ဂနှင့် ဩစတြေးလျ ရှေ့နေချုပ်တို့က Communist Party of the Philippines –New people's Army (CPP–NPA) နှင့် Islamic State East Asia အဖွဲ့တို့အား အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခဲ့ကြောင်း အကြောင်းကြားခဲ့ပါသည်။

၂။ သို့ပါ၍ Communist Party of the Philippines –New people's Army (CPP–NPA) နှင့် Islamic State East Asia အဖွဲ့တို့အား အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခဲ့သည့် ကိစ္စအား သိရှိနိုင်ပါရန်နှင့် သတင်းပို့အဖွဲ့အစည်းများသို့ ဆက်လက်ဖြန့်ဝေပေးနိုင်ရန် ဖိလစ်ပိုင်နိုင်ငံ၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အကြောင်းကြားစာနှင့်အတူ ပူးတွဲပေးပို့အပ်ပါသည်။

ပူးတွဲပါ ( ၄ ) ရွက်

ဥက္ကဋ္ဌ (ကိုယ်စား)

(ရဲမှူးကြီး တင်အောင်ဝင်း)

မိတ္တူကို

မျှော / လက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
မနီလာမြို့

MMRS (အထွက်)

| | | |
|---|---|---|
| သို့ | ၊ | နခဌ၊ နေပြည်တော် |
| မှ | ၊ | မသရ၊ မနီလာမြို့ |
| စာအမှတ် | ၊ | ၀၂၄ - ၃၁၆ / ၃၁ (၂၀၁၉) |
| ရက်စွဲ | ၊ | ၃၀-၄-၂၀၁၉ |

---

ဖိလစ်ပိုင်နိုင်ငံ၏ Republic Act 10168 အခန်း (၁၅)၊ The Terrorism Financing Prevention and Suppression Act of 2012 ၊ အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုမှ တားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်နှိမ်နင်းရေး အက်ဥပဒေအရ ဖိလစ်ပိုင်၊ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၊ EU နှင့် ဩစတြေးလျ ရှေ့နေချုပ်တို့က အကြမ်းဖက် အဖွဲ့အစည်းများအဖြစ် သတ်မှတ်လိုက်သည့် အဖွဲ့အစည်းများစာရင်းကို ဖိလစ်ပိုင် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ၂၂-၄-၂၀၁၉ ရက်စွဲပါ စာအမှတ် ၁၉-၁၅၀၅ ဖြင့် ပေးပို့လာပါသဖြင့် လိုအပ်သကဲ့သို့ ဆက်လက်ဆောင်ရွက်နိုင်ပါရန် ဤစာနှင့်အတူ ပူးတွဲပေးပို့အပ်ပါသည်။

---

ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ ဧပြီလ ၃၀ ရက်

ပူးတွဲ(၂)မျက်နှာ

သံအမတ်ကြီး(ကိုယ်စား)
( တင်ဇော်၊ သံမှူးကြီး)

မိတ္တူကို-
- အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန

REPUBLIC OF THE PHILIPPINES
DEPARTMENT OF FOREIGN AFFAIRS
MANILA

Note No. 19-1505

The Department of Foreign Affairs of the Republic of the Philippines presents its compliments to all Embassies/Missions and International Organizations, and, in relation to the Department of Foreign Affairs' website, has the honor to advise that, pursuant to Section 15 of Republic Act 10168 (otherwise known as "The Terrorism Financing Prevention and Suppression Act of 2012"), the following have been uploaded as of 16 April 2019, to wit:

"the Department of Foreign Affairs hereby publishes the following list of groups designated as terrorist organizations by the Philippines, the United States Department of State, the European Union, and the Attorney-General of Australia"

| Terrorist Organization | Applicable Resolutions |
|---|---|
| Communist Party of the Philippines-New People's Army (CPP-NPA) | • Proclamation No. 374, s. 2017 "Declaring the Communist Party of the Philippines (CCP)- New People's Army (NPA) as a Designated/Identified Terrorist Organization under Republic Act No. 10168".<br>• United States Department of State Public Notice: 9768 (Federal Register/Vol. 81, No. 203/Thursday, 20 October 2016/Notices); and<br>• European Union Council Decision, Common Foreign and Security Policy (CFSP) 2017/1426 of 04 August 2017, which updated the list of persons, groups and entities subject to Articles 2, 3 and 4 of Common Position 2001/931/CFSP on the application of specific measures to combat terrorism, and repealing Decision (CFSP) 2017/154. |
| Islamic State East Asia, also known as:<br>• Asharul Khilafa Philippines | Criminal Code Regulations 2017, dated 07 September 2017 on Terrorist Organization- |

| | |
|---|---|
| • Bangsamoro Islamic Freedom Fighters-Abubakar<br>• Bangsamoro Islamic Freedom Fighters-Dungos<br>• Dawlah Islamiyah<br>• Dawlatul Islamiyah Waliyatul Masrik<br>• Islamic State Lanao<br>• Islamic State Lanao<br>• Islamic State-Philippines<br>• Islamic State Ranao<br>• Jama'atu al-Muhajirin wal Ansar fil Filibin<br>• Maute Group | Islamic State East Asia, issued by the Attorney-General of Australia |

The Department of Foreign Affairs of the Republic of the Philippines avails itself of this opportunity to renew to all Embassies/Missions and International Organizations in the Philippines the assurances of its highest consideration.

Manila, 22 April 2019

All Diplomatic Missions and International Organizations
Accredited to the Republic of the Philippines

DEPARTMENT OF FOREIGN AFFAIRS
PASAY CITY

၅။ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာပေးရန် တောင်းဆိုချက်တင်ရာတွင် အောက်ပါအချက်များအား မြန်မာဘာသာဖြင့်ဖြစ်စေ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ တောင်းဆိုရမည်-

(က) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ပေးရန် တောင်းဆိုခြင်းခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုနိုင်မည့် အထောက်အထားများ၊

(ခ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ကြောင်း သို့မဟုတ် အဆိုပါ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်နှင့်ဆက်နွယ်ပတ်သက်ကြောင်း အတည်ပြုနိုင်မည့်အောက်ဖော်ပြပါအချက်အလက်များ-

(၁) ဖော်ထုတ်ရရှိသည့်သတင်းအချက်အလက်များ၊

(၂) နောက်ခံအကြောင်းအရာသတင်းအချက်အလက်များ၊

(ဂ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ပေးရန် တောင်းဆိုရခြင်း၏ အကြောင်းအရင်း၊

(ဃ) သတ်မှတ်ပေးရန်တောင်းဆိုခြင်းခံရသည့် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အဖွဲ့ အစည်းအပေါ် ချမှတ်ထားသည့် အရေးယူဆောင်ရွက်မှုများ၊

(င) တောင်းဆိုသည့်နိုင်ငံ၏ ဆက်သွယ်ဆောင်ရွက်ရမည့် ဌာန၊ ပုဂ္ဂိုလ်၊ လိပ်စာ။

၆။ ဗဟိုအဖွဲ့သည် နည်းဥပဒေ ၃ အရ ဆောင်ရွက်ရာတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၃၇၃ တွင် ဖော်ပြထားသည့် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာခြင်းဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များအပါအဝင် အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီသည်ဟု ယုံကြည်ရန် ကျိုးကြောင်းခိုင်လုံသည့် အခြေခံအချက်များရှိသည်ဟု ယူဆပါက သတ်မှတ်ကြေညာနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်-

(က) အကြမ်းဖက်မှုကို ကျူးလွန်ခြင်း၊

(ခ) အကြမ်းဖက်လုပ်ရပ်ကို ကျူးလွန်ခဲ့သော သို့မဟုတ် ကျူးလွန်ရန် အားထုတ်ခဲ့သော သို့မဟုတ် အကြမ်းဖက်လုပ်ရပ်ကျူးလွန်ရာတွင် သို့မဟုတ် ထောက်ပံ့ရာတွင်ပါဝင်ခဲ့သော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စု၊

(ဂ) သတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတစ်ရပ်ရပ်က တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ်ထားခြင်းခံရသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စု၊



(ဃ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု တစ်ခုခုအဖြစ် သတ်မှတ်ထားခြင်းခံရသူ၏ ကိုယ်စားဖြစ်စေ သို့မဟုတ် ညွှန်ကြားချက်အရ ဖြစ်စေ ဆောင်ရွက်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စု။

၇။ ဗဟိုအဖွဲ့သည် နည်းဥပဒေ ၃ အရ သတ်မှတ်ကြေညာရန်အဆိုပြုချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရာတွင် အောက်ဖော်ပြပါ သတင်းအချက်အလက်များနှင့် အထောက်အထားများပါဝင်ရမည်-

(က) ကိုယ်ရေး အချက်အလက် အပါအဝင် လိုအပ်သောအထောက်အထား / စာရွက်စာတမ်းများ၊

(ခ) ဖြစ်စဉ် အကျဉ်းချုပ်၊

(ဂ) တွေ့ရှိချက်၊

(ဃ) သုံးသပ်တင်ပြချက်၊

(င) အခြားလိုအပ်သော သတင်းအချက်အလက်များ။

၈။ ဗဟိုအဖွဲ့သည် ထိန်းချုပ်မိန့်အား ကြိုတင်သတိပေးခြင်းနှင့် နှောင့်နှေးကြန့်ကြာခြင်းများ မရှိစေဘဲ သတင်းပို့အဖွဲ့အစည်းများအပါအဝင် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများသို့ ထုတ်ပြန်ရန်လုပ်ငန်းကော်မတီကို ညွှန်ကြားရမည်။

၉။ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရရှိပါက ဗဟိုအဖွဲ့သည်-

(က) လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတစ်ရပ်အား အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာသည်နှင့် တစ်ပြိုင်နက် နည်းဥပဒေ ၈ နှင့်အညီဆောင်ရွက်ရန် လုပ်ငန်းကော်မတီကို ညွှန်ကြားရမည်။

(ခ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ် ကြေညာချက်အားမပယ်ဖျက်သရွေ့ သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ထိန်းချုပ်မိန့် အတိုင်း လိုက်နာဆောင်ရွက်မှုရှိစေရေးကြီးကြပ်ရန် လုပ်ငန်းကော်မတီကို ညွှန်ကြားရမည်။

(ဂ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ချက်များနှင့် ထိန်းချုပ်မိန့်များကို နိုင်ငံတော်ပြန်တမ်း၊ ဗဟိုအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ အင်တာနက်စာမျက်နှာများတွင် ထုတ်ပြန်ကြေညာရမည်။